# ပန်းနုရောင်အို ပွင့်ချပ်များ

ထိုညက ကျွန်တော် အိပ်မပျော်ပါ။ ညက ပူရှိန် ပြင်းလွန်းလှသည်။ ဘယ်အချိန် ရှိနေပြီလဲ။ ကျွန်တော်မသိ။ တလူးလူး တလွန့်လွန့်နှင့် အိပ်မပျော်။ မထူးတော့သည့် အတူတူ အိပ်ရာထဲမှ ကျွန်တော် ထ ထွက်ခဲ့သည်။ ဝရံတာဆီသို့။ သည်တော့မှ ကျွန်တော် နေသာ ထိုင်သာ နည်းနည်းရှိသွားသည်။ လမ်းပေါ်တွင်တော့ လူသွား လူလာ ရှင်းလင်းလျက်။ တစ်ခါတစ်ခါ ဖြတ်သန်းသွားသော ကားတစ်စီး နှစ်စီးမှ အပ ညက ပကတိ တိတ်ဆိတ်နေသည်။ အဝေးဆီမှ သံချောင်းခေါက်သံ တစ်ချက်ကြားလိုက်ရမှ ကျွန်တော် အချိန်ကို သတိပြုမိသည်။ ည တစ်နာရီပင် ထိုးပါပကော။ အမှတ်မထင် ကောင်းကင်ပေါ်သို့ မော့ကြည့်မိတော့ ငွေလမင်းကို ဝိုင်းဝိုင်း စက်စက် မြင်လိုက်ရသည်။ လတောင် ပြည့်တော့မှာပါလား။ "လခမြည၊ ပပကြိုးကြွ၊ လှလှပေစွ၊ မွမွရွရွ၊ ကြယ်စစိန်စ၊ စိမ်းစပြာစ၊ ဖြူဖွဖွလွ၊ ညက" တဲ့။ ကဗျာတစ်စကို ကျွန်တော် သတိရလာသည်။ ဘာကို လွမ်းရမှန်း မသိ လမင်းကို မျှော်တမ်းရင်း ကျွန်တော် လွမ်းနေမိသည်။ ထိုစဉ်မှာပင် ဘယ်အရပ်က တိုက်ခတ်လာမှန်းမသိ။ လေနုအေးကလေးက ကျွန်တော့်ဆီ ဝေ့ဝဲ ရှပ်တိုက်လာသည်။ ချွေးတို့ဖြင့် စိုကပ်စေးထန်းနေသော ကျွန်တော် ရုတ်တရက် လန်းဆန်းသွားသည်။ တိုက်တိုက်ဆိုင်ဆိုင်။ "လေနုအေးသည် တနော့နော့ နွဲ့နေဆဲကို" ဟူသော လွန်ခဲ့သည့် နှစ်ခြောက်ဆယ် ခုနစ်ဆယ် နီးပါးက ဝါကျကလေး တစ်ကြောင်းကို ကျွန်တော် သတိရမိလိုက်သည်။ လေနုအေးကလေး... ။ တွေးနေတုန်းပင် လေက ပြန်ငြိမ်သွားပြန်သည်။ လေနုအေးကလေး ဘယ်ရောက်သွားပါလိမ့်။ ဟော...ကျွန်တော် သည် စကားလုံးကို ထပ်သုံးမိပြန်ပြီ။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။

ဖြူဖွေး မွရွ ဆံနွယ် ဆံစတွေက အင်္ကျီကော်လာပေါ် ကျော်၍ ခပ်ရိုင်းရိုင်း ဝဲကျနေသည်။ အနားသတ်က ဖွာရရာကြဲလျက်။ ဆံပင်တွေကို နောက်ပြန်ဖြီးထားသည်။ ဘော်ငွေရောင် လိုင်းတွန့်တွန့်။ ဒါကိုက လွတ်လပ်ခြင်း၏ သင်္ကေတ။ အရိုင်း၏ ခေါ်သံ။ ကျွန်တော် သဘောကျ သွားသည်။ ဆံပင်ရှည် ယဉ်ကျေးမှုတွင် ကြီးပြင်းလာခဲ့သူ မို့လားမသိ။ ထိုကဲ့သို့ အထူးတလည် ပြုပြင်မထားသော ထူထူပွပွ ဆံပင်ရှည်ရှည်ကို မြင်လျှင် ကျွန်တော် ရင်ခုန်တတ်သည်။ အပြုံးငွေ့ငွေ့က မျက်နှာပေါ်တွင် အထင်းသား အရှင်းသား ပေါ်နေသည်။ ပြီး ကျွန်တော့်ဆီ ရိုက်ခတ်လာသည်။ အသားအရောင်ကတော့ ခပ်လတ်လတ်။ ဝတ်ထားသည်က ပါတိတ်အင်္ကျီ နှင့် ကျွန်တော် အမျိုးအမည် ခွဲခြားမသိသော ထူထူထဲထဲ ပုဆိုး။ ချည်ပုဆိုးတော့ မဟုတ်နိုင်။ ဘန်ကောက်လုံချည်လဲ ဖြစ်မည် မဟုတ်။ အကျီကော ပုဆိုးပါ အရောင်အသွေးက စိုစိုစွတ်စွတ်။ အသားအရေ စိုစိုညက်ညက် မည်းမည်းနက်နက်မျက်မှန်။ အသက်ရှစ်ဆယ်နားနီး နေပြီဖြစ်သော်လည်း ကျန်းမာရေးက အထူးကောင်းမွန်ပုံရသည်။ ပလတ်စတစ် ကုလားထိုင်ပေါ်တွင် အေးအေးသက်သာ ထိုင်ရင်း နံဘေးမှ လူလတ်ပိုင်း တစ်ဦးနှင့် စကားပြောနေသည်။ ကြည့်နေရင်းနှင့် ကျွန်တော် အရောင်တွေကို သတိရလာသည်။ ရေးရေးရိပ်ရိပ်။ ဩော်...စာပေသစ်၏ ဖခင်ဆိုတာ ဒါပါလား။ အိုးဝေမဂ္ဂဇင်း၏ အယ်ဒီတာဆိုတာ ဒါပါလား။ သခင်ဗဟိန်း၏ သူငယ်ချင်းဆိုတာ ဒါပါလား။ အောင်ဆန်း သို့မဟုတ် အရိုင်း၏ မိတ်ဆွေဆိုတာ ဒါပါလား။ ဦးဗဆွေ၊ သခင်သန်းထွန်းတို့နှင့် အကျွမ်းတဝင်ဖြစ်ခဲ့သူဟာ ဒါပါလား။ အလှတရားကို ကိုးကွယ်သူဆိုတာ ဒါပါလား။ ရုပ်ပုံလွှာတို့၏ အရှင်သခင် ဆိုတာ ဒါပါလား။ ခြေဆုံးခေါင်းဆုံး သမိုင်းဖြစ်နေသူ ဆိုတာဒါပါလား။ ဗန်းမော်တင်အောင်ကို နောက်ဆုံး ရဲဘော်အဖြစ် သတ်မှတ်ခဲ့သူဟာ ဒါပါလား။ တာရာဆိုတာ ဒါပါလား။ ကဗျာဆိုတာ ဒါပါလား။ ခပ်လှမ်းလှမ်းမှ နေ၍ ကျွန်တော် ဆရာ ဒဂုန်တာရာ့ကို ငေးကြည့်ရင်း တွေးမိတွေးရာ တွေးနေမိသည်။ အခြားနေရာမှာ ဆိုလျှင်တော့ ကျွန်တော် ဆရာ့ကို သွား ဂါရဝပြုမိမည် အမှန်။ သို့သော် ကျွန်တော် ယခုရောက်နေသည်က သုသာန်။ ဆရာ့ဘေးတွင်လည်း လူငယ်လူကြီး စာပေသမားများ၊ ကဗျာဆရာ အယ်ဒီတာများ ဝိုင်းရံလျက်။ ဟိုမှာ ဆရာအောင်သင်း၊ ဟိုမှာ ဆရာမောင်သွေးသစ်၊ ဟိုမှာ ဆရာချစ်ဝင်းမောင်၊ ဟိုမှာ ဆရာအောင်ဝေး၊ ဟိုမှာ...။ သည်မျှ များပြားသော လူတွေကြားထဲ ကျွန်တော် ဆရာ့အနား ချဉ်းကပ်ခွင့်မသာ။ အဝေးမှသာ ငေးမောနေရသည်။ ရုပ်ပုံလွှာ၊ ပျားအုံခံစားမှု၊ ကားချပ်၊ မှန်ကူကွက်၊ သမိုင်း၊ စာလုံး ဆေးစက်နှင့်စောင်းကြိုး၊ မွေးမြဝေရီ....ပြီးတော့ ကဗျာ။ ဆရာမြသန်းတင့်ကို သင်္ဂြိုဟ်ရန် အချိန်နီးကပ်လာပြီမို့ ကျွန်တော် ဆရာမြသန်းတင့် လဲလျောင်းနေရာဆီသို့ ထွက်လာခဲ့သည်။

.ဆရာ့စာနှင့် ကျွန်တော် ပထမဆုံး အထိအတွေ့ကို ယခု ပြန်စဉ်းစားကြည့်တော့ ကဗျာဖြစ်နေသည်။ “သရက်ပွင့်တို့ နီကြင့်ဝါဝါ ကြွေရင့်ဖွာကြ” တဲ့။ “တဟီတီသွားရအောင်” ကဗျာဖြစ်သည်။ ဘယ်မဂ္ဂဇင်းထဲတွင် ဖတ်မိသည်လည်းတော့ ကျွန်တော် မမှတ်မိတော့။ ဖတ်ပြီးပြီးချင်း စွဲမက်ငြိတွယ်ခဲ့သည် ကိုသာ မှတ်မိတော့သည်။ ရေးသူက ဒဂုန်တာရာ ဆိုပါလား။ ဘယ်သူပါလိမ့်။ ကျွန်တော်မသိ။ ကျွန်တော်က ဆယ်နစ်သားသာသာ။ ဖခင်ကို မေးမြန်းကြည့်တော့ ဖခင်က စာအုပ်ပုံထဲမှ စာတစ်အုပ်ကို ရှာဖွေထုတ်ယူလာသည်။ “တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ” ဆိုပါလား။ နာမည်လေးက လှလှချည်လား။ ကျွန်တော် စာအုပ်ကို ချက်ချင်း ကောက်လှန်လိုက်မိသည်။ ကျွန်တော် မတတ်နိုင်။

တကယ့်တကယ် ဆရာ့စာတွေ ကဗျာတွေကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုမိသည်ကတော့ ကျွန်တော် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်သားခန့်မှ ဖြစ်မည်။ ၉၀ ပြည့်လွန် စောစောပိုင်းနှစ်များ။ ကျွန်တော် ပန်းဆိုးတန်း စာအုပ်တန်းတွင် စတင် ကျက်စားမိကာစ အချိန်။ သည်တော့မှ ကျွန်တော် ဆရာ့၏ နာမည်ကျော် ရုပ်ပုံလွှာ အဖွဲ့အနွဲ့ တွေနှင့် စတင်တို့ ထိမိခြင်း ဖြစ်သည်။ နောက်ထပ်မံ တိုးမိတိုက်မိသည်က ဆရာ့၏ ကဗျာများ။ “မာယာ” ကဗျာပေါင်းချုပ် ဖြစ်မည် ထင်ပါသည်။ ကျွန်တော်ကလည်း ကဗျာကို စတင် စမ်းသပ် ရေးသား နေမိချိန်။ လောကနတ် ပန်းချီပြခန်းသို့ ဝင်ခလုတ် ထွက်ခလုတ် ရောက်ရှိနေမိချိန်။ လေထန်ကုန်းတွင် တမေ့တမော ထိုင်နေမိချိန်။ လည်ကတုံးကချင်ပုဆိုးနှင့် ဆေးပေါ့လိပ် ကို စတင်စွဲလမ်းချိန်။ တကယ်က ကျွန်တော် ရင်ခုန်နေပါလား။ သည်သို့ပင် ကျွန်တော် ယခု ပြန်လည်သုံးသပ်မိသည်။

သည်နှစ်ကာလတွေမှာပဲ ဖြစ်မည်ထင်ပါသည်။ ဆရာ့စာတွေသာမက ဆရာ့ဘဝ ဖြတ်သန်းမှု မှန်ကူကွက် ပြိုးပြက်ဖိတ်လက် တွေကိုပါ ကျွန်တော် လှစ်ခနဲ လှစ်ခနဲ စတင်သိရှိလာခဲ့သည်။ ဘန်ကောက်ပုဆိုးကို ခုံခုံမင်မင် ဝတ်ဆင် တတ်သောဆရာ၊ စန္ဒရားတီးနေသော ဆရာ့ရုပ်ပုံလွှာ၊ ကဗျာဖြင့် စတင်သန္ဓေတည်ခဲ့သော ဆရာ့စာပေဘဝ မြစ်ဖျားခံရာ၊ နပျိုစိုလက်ခဲ့သော ဆရာ့ငယ်ဘဝ နေ့ရက်များ၊ အရာ တော်တော်များများကို ငြင်းပယ်၍ အနုပညာဖြင့်သာ ဝင်သက်နှင့် ထွက်သက်ကို အတိ ပြီးစေခဲ့သည့် ဆရာ၊ ဆန့်ကျင်ဘက် အရောင်အသွေးတို့ကို တွဲစပ်၍ ပန်းချီရေးဆွဲလိုသည့် ဆရာ၊ ဆိတ်ဖလူးရန့် သင်းထုံမွှေးယစ်ဖူးသည့် ဆရာ၊ အိပ်မပျော်သောညများ၊ ပန်းနုရောင်နှစ်ကာလများ၊ အလင်းအမှောင် အရောင်အရိပ်များ၊ ဆရာ့ ရုပ်ပုံလွှာများက နည်းနည်းနောနော မဟုတ်။ ဒါကြောင့်ပဲ ဆေးရောင်စုံ ဒဂုန်တာရာဟု ခေါ်ဝေါ် သုံးစွဲကြလေသလား။ နောက်ထပ် ကျွန်တော့် အမှတ်ရမှု ကြေးမုံပြင်တွင် ထင်လာသည်က ဆရာ တွဲစပ်သုံးစွဲခဲ့သော စကားစု ကလေးများ။ လေနအေးရှတ်၊ ဝေ့ဒစ္စနေအပြာ၊ ဝတ်လစ်စလစ် လမ်းမကြီး၊ စိမ်းသစ် ရသ စသည်။ ဒါတွေကိုပဲ စကားလုံး လျှပ်ပေါ်လော်လည်သည်ဟု ဆရာ အဝေဖန်ခံရဖူးသည်။ ကျွန်တော်ကတော့ ထိုသို့မမြင်။ အထူးသဖြင့် ကဗျာရှုထောင့်မှ ကြည့်လျှင် ပို၍မမြင်။ ခံစားချက်ကို အနီးစပ်ဆုံး ထင်ဟပ်ပြနိုင်ရန် စကားလုံးများကို သင့်လျော်ညီညွတ် သလို တွဲစပ်သုံးစွဲနိုင်စွမ်း ရှိရမည်။ သို့မှသာ ဘာသာစကား၏ အတိုင်းအတာ ကျယ်ပြန့်လာမည်။ ခံစားမှုဗေဒ၊ အလှဗေဒကို ပိုမိုဖော်ကျူးနိုင်လာမည်။ ကျွန်တော်က ထိုသို့ ယုံကြည်နေမိသည်။

ထိုနှစ်ကာလတွေက ဆရာနှင့်ပတ်သက်၍ ဂယက်တွေ တစ်ခုပြီးတစ်ခု ထခဲ့သော ကာလတွေလည်း ဖြစ်သည်။ နှစ်တွေကိုတော့ ကျွန်တော် အတိအကျ မမှတ်မိတော့။ ထားတော့။ ကျွန်တော်မှတ်မိသည့် ပထမဆုံး ဂယက်က ကဗျာနှင့် စကားပြေအကြား အယူအဆရေးရာ ဂယက်ဖြစ်သည်။ ဆရာက ကဗျာသည် စကားပြေအဆင့်သို့ လျှောကျမသွားသင့် ဟု ယူဆသည်။ ဆရာဇော်ဇော်အောင်က ယနေ့ခေတ်ပေါ်ကဗျာသည် စကားပြေအဖြစ် လျှောကျသွားခြင်းမဟုတ်၊ အဆင့်တစ်ဆင့်သို့ ကူးပြောင်းသွားခြင်းမျှသာ ဖြစ်သည်ဟု ချေပသည်။ စကားလုံး အတိအကျ မမှတ်မိတော့သော်လည်း သည်သဘောအတိုင်းသာ ဖြစ်သည်ဟု ကျွန်တော် နားလည်မိသည်။ ဆရာဇော်ဇော်အောင်၏ ဆောင်းပါး အဆုံးသတ်တွင်က “အကယ်၍ ဆရာက စိန်ခေါ်လျှင် ကျွန်တော် တိမ်ပေါ်အထိ တက်လိုက်ခဲ့ပါမည်” ဟု အဆုံးသတ်ထားသည်။ သည်မှာပင် ဂယက်ထသွားခဲ့ရခြင်း ဖြစ်သည်။ ကျွန်တော်ကတော့ ထိုစဉ်က ဖူးစပွင့်စအရွယ်။ စမ်းတဝါးဝါး။ တရားကိုယ် သဘောတရားတွေကို ဘာမှဆုပ်ဆုပ်နယ်နယ် နားမလည်သေး။ ဗျာ/ပြေ မျဉ်း၏ အထူးအပါးက ဘယ်လောက်ရှိသလဲ။ တစ်နေရာမှ ကြည့်လျှင် စကားပြေဖြစ်၍ နောက်တစ်နေရာမှ ကြည့်လျှင် ကဗျာ ဖြစ်နိုင်သလား။ စံတစ်ခုကို အတိအကျ သတ်မှတ်ရန် ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား။ ထိုစဉ်က ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်

မေးနေမိခဲ့သော မေးခွန်းများ ဖြစ်သည်။ ကျွန်တော့်အတွက် တစ်ခုကောင်းသွားသည်က မိမိဖာသာ စာ၊ကဗျာများ ရေးသားနေရာက သဘောတရားရေးရာ တွေကိုပါ လေ့လာရကောင်းမှန်း သိသွားရခြင်းဖြစ်သည်။ လက်လှမ်းမီသလောက် ဆိုပါတော့။ သည်မှာပင် ဆရာ၏ မုဆိုးစိုင်သင်၊ လေးကိုင်းသဖွယ် ညွှတ်ပျောင်းခြင်း စသည် စသည် အယူအဆ ဆိုင်ရာတွေနှင့် ကျွန်တော် နီးနွယ်ခဲ့မိခြင်း ဖြစ်ပါသည်။

နောက်ဂယက်တစ်ခုကတော့ ဆရာဇော်(ပျဉ်းမနား)၏ ကတ္တီပါလမ်းခွဲ ကိစ္စဖြစ်သည်။ သည်ဂယက်ကလည်း မသေး။ ကျွန်တော် မှတ်မိသလောက် မဂ္ဂဇင်းတချို့တွင် နှစ်ပါပေါက်သွားခဲ့သည်။ သည် "လမ်းခွဲ" ဆိုသောကိစ္စကိုတော့ ကျွန်တော် ယနေ့အထိ နားမလည်။ သဘောမပေါက်။ ဘာလမ်းခွဲတာလဲ။ လမ်းခွဲရအောင် ဘာလမ်းခွဲရမည့် ကိစ္စက ရှိနေလို့လဲ။ နောင်မှ ဆရာမောင်သာနိုး၏ "လမ်းခွဲတယ်ဆိုတာ" ဆောင်းပါးထွက်လာသည်။ သည်တော့မှ ကျွန်တော် ဘဝင်ကျသွားသည်။ တကယ်တော့ ဆရာဇော်(ပျဉ်းမနား) ကလည်း ကျွန်တော် ကြိုက်နှစ်သက်သည့် ကဗျာဆရာ တစ်ယောက်။ သည်ကိစ္စတွင်တော့ ဂန္ဓဗ္ဗနတ်သား စိတ်လိုက်မာန်ပါ နိုင်သွားသည်ဟု ကျွန်တော် နားလည်မိသည်။ သုံးစွဲ လိုက်သည့် စကားလုံး မှားယွင်းသွားသည်ဟု ကျွန်တော် ယူဆမိသည်။ ဆရာဒဂုန်တာရာ့ ထံမှတော့ ဘာမှပြန်မကြားမိ။ ဒါကလည်းမဆန်း။ ဆရာက ဘာမှ တုံ့ပြန်တတ်သူ မဟုတ်။ လေနအေးကလေး ဖြင့်သာ နှော့ကောင်းနှော့မည်။ သူ ယုံရာတွင်သာ မြဲမြဲမြံမြံ ရပ်တတ်သူ။ တစ်ခါကတော့ ဆရာ သည်လို ပြောဖူးပါသည်။ "ကျွန်တော် တစ်ခုခုကို လက်မခံခင် သေသေချာချာ လေ့လာတယ်၊ ဆန်းစစ်တယ်၊ လက်ခံပြီးရင် မပြောင်းတော့ဘူး" ဟူ၍။ စကားလုံးအတိအကျ မဟုတ်သော်လည်း ထိုသဘောအတိုင်း ဖြစ်ပါသည်။ ဆရာမောင်စွမ်းရည်ရေးသကဲ့သို့ "လိပ်ရင်ဘတ်လို" ဟုပဲ ရေးရမလား မသိ။ ဆရာက သူသဘောမပေါက်လျှင် စိတ်ထဲဘဝင်မကျလျှင် ဘာမှလုပ်သူမဟုတ်။ ဒါကိုက ဆရာ၏ သရုပ်ဖြစ်ပါလိမ့်မည်။

ဒါကြောင့်ပဲထင်သည်။ ဆရာပါရဂူက ပရကထာတွင် သည်လိုရေးဖူးသည်။ " ဒဂုန်တာရာက သာမန်သူလိုငါလို လူမျိုး မဟုတ်ပေ။ သူ့ကို အကြောင်းပြု၍ သော်လည်းကောင်း သူရေးသောစာကို အကြောင်းပြု၍ သော်လည်းကောင်း ပတ်ဝန်းကျင်၌ အငြင်းပွားရသော ပြဿနာဖြစ်ရသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ့ကို လေးစားကြည်ညိုသူများ ရှိသကဲ့သို့ ဆန့်ကျင်သူများလည်း ရှိသည်။ ထူးထူးချွန်ချွန် ဖြစ်လာရသော ပုဂ္ဂိုလ်အဖို့ ဩဘာလက်ခုပ်သံကိုလည်း ကြားရသကဲ့သို့ပင် တစ်ထောင့်တစ်နေရာက ထွက်ပေါ်လာသော အမနာပ ပြောသံဆိုသံကိုလည်း ကြားရတတ်သည်။ ဒဂုန်တာရာ ဇာတာ၌ ဩဘာလက်ခုပ်သံနှင့် အမနာပ ပြောသံဆိုသံ နှစ်မျိုးလုံး ရောမွှေပေါင်းစပ်နေသလား မသိ" ဟူ၍။ အယူအဆ တွေကတော့ များမြောင်ကွဲပြား နိုင်ကြသည်သာ ဖြစ်သည်။ ဒါကမဆန်း။ ငြိမ်းချမ်းစွာ ယှဉ်တွဲရပ်တည် နေနိုင်ခြင်းကိုသာ ရေးရှုကြရမည်။ ကျွန်တော်ကတော့ ထိုသို့ သဘောပေါက်နေမိသည်။ အချို့ကလည်း ဘာရယ်မဟုတ်။ အယူအဆ ရေးရာ တွေထက် ပုဂ္ဂိုလ်ရေးရာတွေ အဖုအထုံးတွေက ကဲနေသလားမသိ။ ဘာအကြောင်းပြချက်မှလည်း ရေရေရာရာ မရှိ။ ပတိဒဂုန်တာရာတွေ ဖြစ်နေတတ်ကြသည်။ ဆရာ့အတွက်ကတော့ ဘာမှဆန်းကျယ်လှသည် မဟုတ်ပါ။ ဒါကြောင့်ပဲ ဆရာတစ်ခါက သည်လိုရေးဖူးခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ "ကျွန်တော့်ကို ဆန့်ကျင်သူများနှင့် ကျွန်တော် တစ်ဝိုင်းတည်း ထိုင်၍ ရသည်။ ကျွန်တော် ဘာမှမဖြစ်" ဟု။ သည်စကားမှာ ဆရာ့ ငြိမ်းချမ်းရေး စိတ်ဓာတ်နှင့် ငြိမ်းချမ်းရေးအပေါ် သဘောထား ကို လှစ်ခနဲ မြင်လိုက်ရသည် ဟု ကျွန်တော် ယခု ပြန်လည်စဉ်းစား မိပါသည်။

ပြောသာပြောနေရသည်။ ထိုစဉ်က ကျွန်တော့် အသက်က ဘာမျှမရှိ။ နှစ်ဆယ်ပင်မပြည့်တတ်သေး။ ဘဝပုံပန်းက ဘာမှ ပီပီပြင်ပြင်မရှိ။ အတွေ့အကြုံကလည်း နုနုငယ်ငယ်။ ဘာပဲပြောပြော ဆရာသည် ကျွန်တော် စိတ်အဝင်စားဆုံးသော သူ တစ်ယောက်ဖြစ်နေသည်။ ဆရာ့ဘဝဖြတ်သန်းမှုက နိုင်ငံရေးနယ်ပယ် နှင့် စာပေနယ်ပယ် နှစ်ခုစလုံးတွင် ရှိနေသည်။ ကျွန်တော်ကလည်း သည်နယ်ပယ်နှစ်ခုစလုံးကို စိတ်ဝင်စားသူ၊ တပ်မက်စွဲလမ်းသူ။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ဆရာကတော့ သူ့ကိုယ်သူ နိုင်ငံရေးသမား မဟုတ်ပါ။ စိတ်ပါဝင်စားသူ၊ လေ့လာသူ မျှသာဟု တစ်ခါက ပြောဖူးသည်။ တချို့ကိစ္စတွေကလည်း ဝေးနီးမြင်ကွင်း အမှန်နှင့် မကြည့်တတ်လျှင် ချွတ်ချော်လွဲမှား တတ်သည်။ လှိုင်းကြားတွင် ရောက်နေသူကတော့ လှိုင်းဟု မြင်ချင်မှမြင်မည်။ ဆရာကတော့ သူ့ကိုယ်သူ "နိုင်ငံရေး နှင့် စာပေ နယ်ခြားမျဉ်းကြောင်း တွင် ရပ်နေမိသူ" ဟု ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ

တွင် ဖော်ပြခဲ့ဖူးသည်။ "စိတ်လှုပ်ရှားမှု ဒဏ်ကို မခံနိုင်၍ ဖိတ်စင်သွားသည့် သဘော" ဟုလည်း ရေးခဲ့ဖူးသည်။ နိုင်ငံရေးသမား ဆိုတာကကော ဘာလဲ။ ကျွန်တော် စဉ်းစားနေမိ သည်။ နိုင်ငံရေးသမား မဟုတ်ဟုသာ ဆိုသည်။ ဆရာ့နိုင်ငံရေး အမြင်တွေက ဘယ်နံ့ရောအခါကမှ မပီတတ်သေး ဝိုးဝါးထွေး မဖြစ်။ ထာဝစဉ် ကြည်လင်နေသည်။ တစ်ခုပဲရှိသည်။ ဆရာက စကားလုံးတစ်လုံး ကို ဘယ်အခါတွင်မှ ပေါ့ပေါ့ လွယ်လွယ် သုံးစွဲခြင်းမရှိ။ (ဆရာသည် ကျွန်တော်သိသမျှ လူပုဂ္ဂိုလ်များထဲတွင် စကားလုံးကို သတိကြီးကြီးထား၍ ရွေးချယ်အသုံးစွဲတတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။) စကားလုံးများကို ဆီသည်မ လက်သုတ်ဖတ်သဖွယ် သုံးစွဲသောကြောင့် မူရင်းစကားလုံး၏ လေးနက်မှုဂုဏ်သတ္တိ လျော့ပါးနေသည့် ယနေ့ခေတ် အချို့စကားလုံးများကို မြင်ရတိုင်း ကျွန်တော်ကတော့ ဆရာ့ကို သတိရနေမိသည်။

ဆရာ အလေးအနက်ထားသော နောက်ထပ် ဘာသာရပ်နှစ်ခုက "ခေတ်ပြိုင်ခံစားမှု" နှင့် "မျိုးဆက်" တို့ဖြစ်သည်။ အင်္ဂလိပ်လိုကတော့ contemporary နှင့် generation။ မြန်မာလို အခေါ်အဝေါ်အနေနှင့်တော့ ဘယ်တုန်းက စတင် သုံးစွဲသလဲ ကျွန်တော် မသိ။ သည်စကားလုံးနှစ်လုံးကလည်း ဆက်စပ်နေသည်။ သီးခြား ဝေးကွာ ကင်းလွတ်နေသည် မဟုတ်။ ပြောရမည်ဆိုလျှင် "ခေတ်ပြိုင်ခံစားမှု" ဆိုသော စကားလုံးသည် ဆရာ အသုံးစွဲဆုံးသော စကားလုံး ဖြစ်မည် ထင်သည်။ သုံးစွဲရလောက်အောင်လည်း ဆရာက "ခေတ်ပြိုင်ခံစားမှု" တွေကို အထူးတလည် စိတ်ဝင်စားသည်။ မျိုးဆက်အဆက်ဆက် နှင့် အမြဲထိတွေ့နေသည်။ သည်နေရာတွင် "မျိုးဆက်" ဟူသော စကားလုံးကို ဆရာ သတ်မှတ် ပိုင်းခြားပုံက စိတ်ဝင်စားဖို့ ကောင်းသည်။ ယေဘုယျ အင်္ဂလိပ် စကားလုံးတွင်တော့ နှစ်ပေါင်းသုံးဆယ်ကို မျိုးဆက်တစ်ခု ဖြစ်သည်။ နှစ်သုံးဆယ်ကြာတိုင်း မျိုးဆက်တစ်ဆက် ပြောင်းလဲသွားသည့် သဘော။ ဆရာသုံးသည့် "မျိုးဆက်" ကတော့ နှစ်သုံးဆယ်မဟုတ်။ ဆယ်နှစ်မျှသာ။ ဆရာက ပထမမျိုးဆက်။ ဆရာ့ထက် ဆယ်နှစ်ခန့်ငယ်သော ဆရာမြသန်းတင့် တို့က ဒုတိယမျိုးဆက်။ အစရှိသည်ဖြင့်။ အစကတော့ ထိုသို့ သတ်မှတ်ခြင်းကို ကျွန်တော် သဘောမပေါက်။ ဆယ်နှစ်ဆိုတော့ နီးလွန်းမနေဘူးလား။ နောင် ကျွန်တော်ကိုယ်တိုင် သမိုင်းခေတ်များကို ဖြတ်သန်းလာမှ သဘောပေါက် လာသည်။ မျိုးဆက်နှင့် မျိုးဆက် ကွာဟမှု သဘောတရားကို ရေးရေးရိပ်ရိပ် မြင်လာသည်။ ကျွန်တော်နှင့် ကျွန်တော့်ထက် ဆယ်နှစ် (မျိုးဆက်တစ်ဆက်) ငယ်ရွယ်သူ လူငယ် နုပျိုပွင့်သစ်များ အကြား နှိုင်းယှဉ်ကြည့်တတ်လာသည်။ အချိန်ကာလတစ်ခုကို ဖြတ်သန်းနေကြတာချင်း အတူတူ မျိုးဆက်မတူသည့်အခါ တုံ့ပြန်ပုံချင်း မတူတတ်ပုံ တို့ကို ခွဲဖြာဆန်းစစ် နိုင်လာသည်။ ဒါကြောင့်ပဲ "မာယာ" ကဗျာတွင် သည်သို့ ရေးဖွဲ့ခဲ့တာပါလား။ " မျိုးဆက်တို့ကား သမိုင်းခေတ်များ၊ ဖြတ်သန်းသွားကြ၊ ခံစားမှု၏၊ တုံ့ပြန်ချက်များ၊ ထွေပြားများမြောင်၊ စုံလင်အောင်ပင်၊ ရှုပ်ထွေးရစ်မြှင်၊ အမြင်ကွဲပြား၊ တုံ့ပြန်ခြင်းကား၊ မတူကြလေ" ဟု။ တကယ်က ကိစ္စတော့သိပ်မရှိ။ တံတားထိုး၍ မရသော အရာတွေ မဟုတ်။ လွတ်လပ်ခြင်းချစ်သူ ငြိမ်းချမ်းခြင်း ချစ်သူ ပိတောက်ချစ်သူ တွေကြား ဘာအခြေခံတရားမှ ကွဲပြားစရာမရှိ။ သည်နေရာမှာ ဆရာ့အခန်းကဏ္ဍက အတော်ကြီးမားသည်။ ဆရာက ပထမမျိုးဆက်မှ အစချီ၍ ယခု ဆဋ္ဌမ၊သတ္တမ မျိုးဆက်တွေတိုင် တောက်လျှောက် တံတားထိုးပေးခဲ့သူဖြစ်သည်။ တံတားထိုးရုံမျှ မဟုတ်။ ခေတ်အဆက်ဆက် မျိုးဆက်တွေနှင့် တပြေးညီ ရင်ဘောင်တန်း လိုက်နိုင်ခဲ့သူ၊ လိုက်နေသူဖြစ်သည်။ ခေတ်ပြိုင်ခံစားမှု တို့ကို ဘယ်တော့မှ မျက်ခြည်ပြတ်သည်မရှိ။ မျက်ခြည်မပြတ်ရအောင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသည်။ ဘယ်သောအခါက မှ မြန်မာ့လူ့အဖွဲ့အစည်းနှင့် မကင်းကွာစဖူး။ တသားတည်း နေထိုင်ခံစားခဲ့သူ ဖြစ်သည်။ အေးအတူပူအမျှ ပြည်ထောင်စု စိတ်ဓာတ် ထင်ဟပ်ခြင်းပေလား။ ကျွန်တော် စဉ်းစားနေမိပါသည်။

တကယ်က ဆရာ့ဇာတိကတော့ ကဗျာဖြစ်သည်။ ပဝတ္တိ ကတော့ ဘာလဲမသိ။ ကျွန်တော့် အယူအဆ အရဆိုလျှင်တော့ ပဝတ္တိလည်း ကဗျာပဲဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိသည်။ ကျွန်တော်တစ်ဦးတည်းက ယုံကြည်သည်တော့မဟုတ်။ ကျွန်တော်က စတင်ယုံကြည်ခဲ့သူလည်း မဟုတ်။ ဟို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဆရာမြသန်းတင့်နှင့် ဆရာ လင်းယုန်မောင်မောင် တို့ စကားဝိုင်းမှ အစပြုခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဆရာမြသန်းတင့်က သည်လိုဆိုခဲ့သည်။ ဆရာဒဂုန်တာရာသည် စကားပြေသမား မဟုတ်။ ကဗျာဆရာစစ်စစ် ဖြစ်သည်။ မည်မျှအထိ ကဗျာဆရာ ဖြစ်နေသလဲ ဆိုလျှင် ဆရာတာရာ ရေးသည့် စကားပြေသည်ပင်လျှင် စကားပြေအစစ်မဟုတ်။ ကဗျာဖြစ်နေသည်။ ဆရာတာရာသည် ကဗျာကိုစား၊ကဗျာကိုရှူ၊ ကဗျာဖြင့်သာ နေထိုင်နေသည့် တကယ့်ကဗျာဆရာစစ်စစ် ဖြစ်ပါသည်ဟု ဆိုခဲ့သည်။ ဆရာလင်းယုန်မောင်မောင်ကတော့ ထိုသို့မမြင်။ "မြသန်းတင့် ပြော

တာကို ကျွန်တော်က ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ငြင်းခဲ့သလိုပဲ အခုငြင်းလိုက်ပါတယ်။ ရုပ်ပုံလွှာတွေကို ကြည့်ပါ။ ပထမတန်း စကားပြေ အရေးအသားတွေပါ" ဟု ပြန်ပြော ခဲ့သည်။ ကြာခဲ့ပါပြီ။ ကျွန်တော်ကတော့ ထိုစဉ်ကတည်းက ဆရာမြသန်းတင့်၏ အယူအဆကို နှစ်သက်ထောက်ခံ ခဲ့မိသည်။ ဆရာတာရာကကော သူ့ကိုယ်သူ ဘယ်လိုမြင်ပါသလဲ။ ဒါကို ကျွန်တော်က စိတ်ဝင်စားသည်။ ဆရာ့ဆီမှ ဘာမှတော့ ပြန်ပြောသံမကြားမိ။ ကျွန်တော် နှစ်ပေါင်းများစွာ စောင့်ခဲ့ရသည်။ ဒါပေမယ့် စောင့်ရကျိုးနပ်သည်ဟုပဲ ဆိုရပါမည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဆရာ့မျက်နှာဖုံးနှင့် ဆရာ့ကို အထူးပြုထုတ်ဝေသော ပိတောက်ပွင့်သစ် မဂ္ဂဇင်း ထွက်လာသည်။ ဆရာ့စာပေဘဝ ဖြစ်စဉ်တွေ၊ ဆရာရေးခဲ့ပြီးသမျှ တွေထဲမှ ဆရာကိုယ်တိုင် ရွေးချယ်ပေးသော ကဗျာ ဆယ်ပုဒ်၊ ဆရာ့၏ ကဗျာအပေါ်အမြင်တွေ၊ ဝေဖန်ရေး အပေါ်အမြင်တွေ၊ ဆရာ့အပေါ်မြင်သည့် မျိုးဆက်သစ်တို့၏ အမြင်တွေ စသဖြင့် အတော် စုံစုံလင်လင် ဖော်ပြထားသည်ကို ကျွန်တော် ဖတ်ရှုရသည်။ သည်အထဲမှ ဆရာနှင့် ဆရာမောင်နွေထက် စကားဝိုင်းတွင် ကျွန်တော် သိချင်နေခဲ့သောအရာကို ဘွားခနဲ တွေ့လိုက်ရသည်။ " ကဗျာရေးတိုင်း ခံစားမှု ရှိမှ ကဗျာရေးတာ၊ စကားပြေကတော့ ရတယ်၊ ကဗျာနဲ့ မတူဘူး၊ ခံစားမှု မရှိလည်း ရေးလို့ရတယ်" "ကဗျာကို စကားပြောဟန် နဲ့ ရေးတယ်၊ စကားပြေကို ကဗျာလို ရေးတယ်၊ အဲဒါ ကျွန်တော့် လျှို့ဝှက်ချက်ပဲ" ဆရာ့ နှုတ်ထွက်စကားများ ဖြစ်ပါသည်။ သြော်...ဒါကြောင့်ပဲ ဆရာ မြသန်းတင့်က ဆရာတာရာဟာ ကဗျာဆရာစစ်စစ်လို့ ပြောခဲ့တာပါလား...။ ပုစ္ဆာတစ်ပုဒ်ကို အပြီးတိုင် ဖြေရှင်းလိုက်နိုင်သော သူတစ်ယောက်လို ကျွန်တော် ခံစားလိုက်မိသည်။

ထို ပိတောက်ပွင့်သစ် မဂ္ဂဇင်းတွင်ပဲ ဖြစ်ပါသည်။ ဆရာဇော်ဇော်အောင်က ရှင်မဟာရဋ္ဌသာရ ၏ "ငါနှင့်ငါသာ နှိုင်းစရာဟု..." ကဗျာစာသားကို ရွတ်ဆိုရင်း ဆရာတာရာ့ကို ဂါရဝ ပြုသွားခဲ့သည်။ ယခင်က ဂိုဏ်းဂဏစွဲ ကြီး၊ အာဃာတ ကြီးခဲ့ကြောင်း၊ အဲဒီအများကို ဆရာတာရာနှင့် တွေ့စဉ်က တောင်းပန်ခဲ့ပြီး ဖြစ်ကြောင်း၊ ဗျာ/ပြေ မျဉ်း ကိစ္စတွင်တော့ သဘောထား မပြောင်းသေးကြောင်း၊ ဆရာတာရာ့ကို တကယ်လေးစားလို့ ရလာပြီဖြစ်ကြောင်း၊ မြန်မာစာပေ လောကတွင် ထည့်ဝင် သယ်ပိုး အကျိုးပြုခဲ့တာတွေဟာ မနည်းပါလား လို့ လေးစားစွာ အသိအမှတ်ပြုလို့ ရလာပါပြီ" ဟု ပြောသွားခဲ့သည်။ ကျွန်တော်ကတော့ စာဖတ်ပရိသတ် တစ်ဦးအနေနှင့် ဆရာကြီးနှစ်ဦးအကြား အမျက်အအီမရှိ၊ ငြိမ်းချမ်း ခင်မင်ခြင်းကို မြင်ရ၍ ဝမ်းမြောက်နေမိခဲ့ပါသည်။

ကဗျာကို စိတ်ဝင်စားသူ တစ်ဦးအနေနှင့် ပြောရမည် ဆိုလျှင်တော့ ဆရာ့ကဗျာတွေတွင် ထင်ထင်လင်းလင်း တွေ့ရသည်က ခံစားချက်တွေနှင့် အဘိဓမ္မာ အနှစ်အသားတွေ ဖြစ်သည်။ စိတ်အန်ဖတ်တွေကို ဆရာ့ကဗျာတွေတွင် တွေ့ရလေ့မရှိ။ "မိမိကိုယ်ကို မဲဇာသို့ ပို့ခြင်း" "မာယာ" " ဒိုင်နိုဆောနှင့် ပန်းလိပ်ပြာ" "တဒ္ဒေ" နှင့် "ချယ်ရီကို ပြုပြင်ရခြင်း" ကဗျာတွေမှာ သည်အချက်ကို အလေးအနက် တွေ့မြင်ရသည်။ ခံစားချက်၊ နိမိတ်ပုံနှင့် အယူအဆတို့ကို ဆရာ အောင်အောင်မြင်မြင် ပေါင်းစပ် ရေးဖွဲ့ နိုင်ခဲ့သည်ဟု ဆိုရမလား။ ကာရန်မဲ့တာမမဲ့တာထက် အဘိဓမ္မာမမဲ့ဖို့ပဲ ပိုအရေးကြီးတယ် ဟူသော ဆရာ့စကား ရောင်ပြန်ဟပ်ခြင်းလား။ ပုံသဏ္ဍာန်ကတော့ လေးလုံးစပ်ကို ချဲ့ထွင်ထားသော လွတ်လပ်ကာရန်ဖြင့် ရေးဖွဲ့ သည်ဟု ဆိုရမလားမသိ။ ကာရန်ယူရာတွင် စည်းကမ်းအတိအကျကို လိုက်နာထားခြင်း မရှိ။ ဒါကြောင့်ပဲ ဆရာ့ "တဟီတီသွားရအောင်" ကဗျာ ထွက်ပေါ်လာစဉ်က ဂယက်ထခဲ့ရသေးသည်။ ပုံသဏ္ဍာန်တွေထက် ကျွန်တော်အထူးတလည် နှစ်ခြိုက်နေမိသည်က ကဗျာအတွင်းမှ နိမိတ်ပုံ နှင့် အဘိဓမ္မာ အနှစ်အသားများ။ "ငါတမူကား မည်သူကမျှ အမိန့်မချ၊ မိမိဆန္ဒဖြင့်၊ မြို့ပြမှခွာ၊ မဲဇာသို့ သွားနေလိုက်သည်" ဟူသော စာသားများ။ "အဖြူကြားမှ အဖြူရှာရ၊ အနက်ထဲမှ၊ အနက်ရှာရ၊ ခက်လှပါဘိ၊ တကယ်ရှိကို၊ မသိရာမှ၊ သိအောင်ကြံဆ၊ နှစ်လများစွာ၊ ကုန်ခဲ့ပါသည်၊ မာယာတောမှာ၊ အလှတရားရှာဖွေခြင်း" တဲ့လား။ တဒ္ဒေကဗျာတွင်တော့ ဆရာက သူ့ကိုယ်သူ သစ်ခြောက်ပင်ကို ရေလောင်းနေမိသူ အဖြစ်ပုံဖော်ထားသည်။ နောင်မှ ကလေးများက ပြောသဖြင့် သေနေပြီမှန်းသိသွားပြီး အားနှင့်ခုတ်ဖြတ် အဆုံးသတ်လိုက်ရသည်ဟု ဖွဲ့ဆိုထားသည်။ သို့သော် "ချယ်ရီကို ပြုပြင်ရခြင်း" ကဗျာတွင်တော့ တစ်မျိုး ပြောင်းသွားပြန်သည်။ ဆရာနေ့စဉ် လမ်းလျှောက်ရာတွင် အသုံးပြုသော ချယ်ရီသား လက်ကိုင်တုတ်ကလေး။ သည်တုတ်ကလေးဖြင့် မြွေတစ်ကောင်ကို လူငယ်တစ်ယောက်က ရိုက်သတ်မိခဲ့သည်။ ဆရာ့တုတ်ကလေး သွေးတို့ဖြင့် စွန်းပေသွားသည်။ သာမန်လူအတွက်ကတော့ ထူးချင်မှထူးမည်။ အခုတော့ ငြိမ်းချမ်းရေးသမား ဆရာ့ခမျာ အသက်သတ်သည့် လက်နက် ဖြစ်ခဲ့ရပြီဖြစ်သော သူ့တုတ်ကလေးအတွက်

ခံစားထိရှ နေရသည်။ တုတ်ကလေးကိုလည်း မစွန့်ရက်။ ဘာလုပ်ရပါမလဲ။ နောက်ဆုံး တုတ်ကလေး၏ အပေါ်ယံလွှာကို ဓားဖြင့် ခြစ်ခွာပစ်လိုက်သည်။ သွားပေရော့ အမုန်းများ၊ သွားပေရော့ သွေးစက်များ ရန်ငြိုးများ ။
ထိုကျမှ တွေဝေစိတ်များ ကုန်စင်သွားပြီး ပြုပြင်လိုက်က ငြိမ်းချမ်းသွားသည့် သဘောရေးဖွဲ့ထားသည်။ အင်မတန်အားကောင်းသည့် နိမိတ်ပုံအဖွဲ့အနွဲ့တွေပါလား။ ကျွန်တော် ဆွတ်ဆွတ်ကျင်ကျင် ခံစားနေမိခဲ့ပါသည်။

သည်ဘက် နှစ်ပိုင်းတွေမှာတော့ ဆရာ့ထံမှ "ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ" ဟူသောစကားကို တွင်တွင်ကျယ်ကျယ် ကြားလာရသည်။ "နိုင်ငံရေးဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာ" ဟူသော စကားလည်း အပါအဝင်ဖြစ်သည်။ ထိုစကားကို စကြားကာစ အချိန်တွင် ပန်းဆိုးတန်းစာအုပ်တန်းရှိ ကျွန်တော့်မိတ်ဆွေ တစ်ဦးနှင့် ဆွေးနွေးခဲ့ဖူးသည်ကို ကျွန်တော် ပြန်လည် အမှတ်ရလာသည်။ ထိုနေ့က နွေတစ်နေ့။ လေအဝေ့တွင် ဗာဒံရွက်ခြောက် တို့က လမ်းပေါ် ရုပ်တိုက်ပြေးလွှားလျက်။ "ရန်သူမရှိ မိတ်ဆွေသာရှိ မုန်းသူမရှိ ချစ်သူသာရှိ" ။ ကျွန်တော်တို့ နှစ်ယောက် စကားဝိုင်းက တော်တော်နှင့်မပြတ်။ ဆေးလိပ်တိုတွေသာ အများအပြား ပြန့်ကျဲသွားသည်။ ဆရာ့အဘိဓမ္မာကို ကျွန်တော်တို့ ကျေကျေလည်လည် သဘောမပေါက်နိုင်။ ရန်/ငါ မျဉ်း မရှိတော့ပြီလား၊ အဆုံးစွန်သော ငြိမ်းချမ်းခြင်း နှင့် အလုတရားဆီ ညွှတ်ပျောင်းသွားခြင်းလား။ ဗုဒ္ဓဓမ္မဆီ အရွေ့အယိုင်လား။ ဆရာကတော့ စိတ်ကူးသက်သက် စကားလုံး သက်သက် ပြောခြင်းမဟုတ်။ သမိုင်းဖြတ်သန်းမှုများ အတွေ့အကြုံများမှ ထုတ်နုတ်ရယူထားသော အတွေးအခေါ်ဟု ပြောခဲ့ဖူးသည်။ ဆရာကတော့ ပြောင်းမည်မဟုတ်။ တလောက ဆရာမြင်သာတွင် ဆောင်းခိုရန် ရောက်ရှိနေစဉ် ကြုံကြိုက်သော ဆရာနတ်နွယ်၏ မွေးနေ့ပွဲတွင်လည်း သည်အတိုင်းပဲ ပြောခဲ့သည်။ ယခု ကျွန်တော် သည်စာကို ရေးနေစဉ်မှာပဲ ဆရာ့ ကိုးဆယ်ပြည့်မွေးနေ့ပွဲ အောင်ပန်းမှ ဆရာ့အသံက ကျွန်တော့်ဆီ လွင့်ပျံလာပြန်သည်။ " လူငယ်တွေကို အထူးမှာကြားချင်တာက ခေတ်အဆက်ဆက်မှာတော့ တာဝန်ခန်းဆိုတာ ရှိတယ်ဗျ။" "ကျောင်းသားတွေရဲ့ သမိုင်းဟာ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုဟာ ဗမာပြည်လွတ်လပ်ရေးကို ပေးစွမ်းမှုရှိတဲ့ လှုပ်ရှားမှု ပဲ။ အခုခေတ်ကျောင်းသားတွေက သူတို့မီတဲ့ခေတ်၊ သူတို့ ကြီးပြင်းတဲ့ ခေတ်မှာရှိတဲ့ စနစ်ကို မကြိုက်ရင်မကြိုက်သလို၊ ကြိုက်ရင်လည်းကြိုက်သလို ထောက်ခံနိုင်တယ်၊ ကန့်ကွက်နိုင်တယ်။ ကန့်ကွက်ချင်ရင်လည်း ငြိမ်းချမ်းရေးနဲ့ ကန့်ကွက်ကြပါ။" ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ၊ နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာ။ အဲဒီအတွေးအခေါ်နဲ့ လုပ်ရင် ဘယ်စနစ်ဖြစ်ဖြစ် ချက်ချင်းမပျက်တောင် ကြာရင်တော့ ပျက်ရမှာပဲ။ အဲဒီတော့ ငြိမ်းချမ်းတဲ့ခေတ်ကို ရောက်စေချင်တယ်။ ဒါ ကျွန်တော့်ရည်ရွယ်ချက်ပဲ" ဆရာ့ထံမှ ကျွန်တော် ကြားလိုက်ရသော စကားများ ဖြစ်ပါသည်။ သည်သဘောထားအမြင်တွေက အမုန်းတွေ ဆုံးရာလား။ အချစ်တွေ စရာလား ။ မဆုံးသောသမိုင်း၏ ပင်မ အကိုင်းအခက်တစ်ခုလား။ တွေးစရာတွေကတော့ အများကြီးပဲဖြစ်သည်။ မျိုးဆက်တွေ ကတော့ တစ်ဆက်ပြီးတစ်ဆက်။ ဘာပဲပြောပြော ကျွန်တော်တို့ အားလုံး ဦးတည်နေရာက လွတ်လပ်ခြင်း ငြိမ်းချမ်းခြင်း နှင့် တရားမျှတခြင်းဆီ။ ကျွန်တော်တို့ အားလုံးက သည်လမ်းကြောင်းပေါ်မှာ။ အရောင်တွေကတော့ လူးလွန့်ပြိုးပြက် နေလိမ့်မည်။ မတူနိုင်။ ဒါကို သဘောတူနိုင်သည်က ဆရာ့ အွန္တိမ ဦးတည်ရာ ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခိုင်ခိုင်မတ်မတ် ပြောနိုင်တာကတော့ တစ်ခုတည်းဖြစ်သည်။ မြန်မာ့ လူ့အဖွဲ့အစည်းပေါ်သို့၊ မြန်မာစာပေပေါ်သို့ ဆရာ့ အရိပ် နွေးနွေးထွေးထွေး ကြီးကြီးကျယ်ကျယ် ကျရောက်ခဲ့ပါသည်ဟု။ ကျရောက်နေပါသည်ဟု။ ကျရောက်နေပါလိမ့် ဦးမည်ဟု။ ဒါကပဲ တာရာ၏ အလုဗေဒ ဖြစ်နေသည်ဟု ကျွန်တော် ယူဆမိသည်။ ဆရာ သက်တော်ရာကျော် ရှည်ပါစေ သတည်း ။ ။

ညိုထက်ညို